**မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ နိုင်ငံဆိုင်ရာ မဟာဗျူဟာ အသစ် ( CPF ) ၂၀၂၀-၂၀၂၃ အတွက် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပမည့်အစီအစဉ်**

၂၀၂၀-၂၀၂၃ ငါးနှစ်တာအတွက် မြန်မာနိုင်ငံအစိုးရ၏ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေး လုပ်ငန်းစဉ်များ အပေါ် ကမ္ဘာ့ဘဏ်အုပ်စု၏ ပံ့ပိုးပေးမှုအစီအစဉ်ကို တင်ပြထားသည့်နိုင်ငံဆိုင်ရာမဟာဗျူဟာအသစ် တစ်ရပ်ကို ကမ္ဘာ့ဘဏ်အုပ်စု(WBG )နှင့် မြန်မာနိုင်ငံတော်အစိုးရတို့ အတူတကွရေးဆွဲ ပြင်ဆင်လျက် ရှိပါသည်။

**ရည်မှန်းချက် (Objective)**

ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံတော်တွင် ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်နိုင်သည့် သာယာဝ ပြောမှုကို မြှင့်တင်နိုင်ရန်အတွက် stakeholder များတို့၏ အကြံဉာဏ်များကို ရယူကာ ကမ္ဘာ့ဘဏ်အုပ်စု၏အကူအညီများ အထိရောက်ဆုံးဖြစ်နိုင်မည့် ကဏ္ဍနယ်ပယ် များကို ဖော်ထုတ်ရန်ဖြစ်သည်။

**အဓိကပါဝင်ပတ်သက်သူများ (Key Stakeholders)**

ညှိနှိုင်းဆွေးနွေးပွဲများကို အောက်ဖော်ပြပါ Stakeholder များနှင့် ကျင်းပရန်ဖြစ်ပါသည်။

| | |
|---|---|
| အစိုးရ | ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများနှင့် လွှတ်တော် |
| ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဘက်များ | UN agency များနှင့် အခြားသော multilateral နှင့် bilateral အဖွဲ့အစည်းများ |
| ပြည်တွင်းနှင့်ပြည်ပ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ | ပြည်တွင်း ပြည်ပ advocacy အဖွဲ့အစည်းများနှင့် ဂန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ အလုပ်သမားအုပ်စုများ၊ သုတေသနအဖွဲ့အစည်းများ၊ တက္ကသိုလ်ပါမောက္ခ ပညာရှင်များ၊ Think Tankများ ၊ ဖောင်ဒေးရှင်းများ |
| ပုဂ္ဂလိက စီးပွားရေး ကဏ္ဍ | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းကဲ့သို့သော စီးပွား ရေးလုပ်ငန်းဆိုင်ရာကိုယ်စားလှယ်များ မြန်မာလူငယ် စီးပွား ရေးလုပ်ငန်းရှင်များ အသင်း၊ ကုန်သွယ်ရေးနှင့် စီးပွား ကူးသန်းအသင်းများ |
| မြန်မာနိုင်ငံ ပြည်သူ ပြည်သားများ | WBG စီမံကိန်း၏ အကျိုးခံစားခွင့် ရှိသူများ၊ မြို့ပြနှင့် ဒေသန္တရမှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးရှိ |

| | |
|---|---|
| | တိုင်းရင်းသားများအုပ်စုများမှ အမျိုးသားနှင့် အမျိုးသမီးများ |

**ဆွေးနွေးပွဲများကျင်းပမည့် နေရာ**

ဆွေးနွေးပွဲများ ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ် (ဧရာဝတီတိုင်း )၊ တောင်ကြီး (ရှမ်းပြည်နယ် )၊ဖားအံ (ကရင်ပြည်နယ် )၊ မော်လမြိုင် (မွန်ပြည်နယ် )စစ်တွေ( ရခိုင်ပြည်နယ် )၊ နှင့် ချင်းမိုင်( ယိုးဒယား )တို့တွင် ကျင်းပရန် စီစဉ်ထားပါသည်။

**လမ်းညွှန်ချက်များ**

ပြည်တွင်းနှင့်ပြည်ပ CSOအဖွဲ့အစည်းများဖြင့် ဆွေးနွေးပြောကြားရာမှ ရရှိလာသောအချက်အလက် များနှင့် ယခင်က ကျင်းပခဲ့သော အကြံပေးဆွေးနွေးမှုများမှ ရရှိခဲ့သော သင်ခန်းစာများ အရ၊ ညှိနှိုင်းဆွေးနွေးပွဲများ ကို အောက်ဖော်ပြပါနည်းလမ်းများအသုံးပြု၍ ကျင်းပသွားမည်ဖြစ်သည်။

- Stakeholder များနည်းလည်သိရှိစေရန် ဆွေးနွေးညှိနှိုင်း ပွဲတွင် အသုံးပြု၊ ကိုးကား မည့် အချက်အလက်စာရွက်စာတမ်းများအား အနည်းဆုံး (၂) ပတ်ကြိုတင်၍ ဖြန့်ဝေပေးထားမည် ဖြစ်သည်။
- ဆွေးနွေးချက်များ၏ အကျဉ်းချုပ်နှင့် တက်ရောက်ဆွေးနွေးသူများ၏ သဘောတူချက်ဖြင့် ပြုစုထား သောတက်ရောက်သူများ၏ နာမည်စာရင်းကိုလည်း ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာWebsiteမှတဆင့် တင် ပြမည်ဖြစ်သည်၊
- ဖြန့်ဝေလိုက်သော ညှိနှိုင်းဆွေးနွေးပွဲတွင် အသုံးပြုသည့် အချက်အလက်များ စာရွက်စာတမ်းများ ၊ ဆွေးနွေးချက်များ၏ အကျဉ်းချုပ် မှတ်တမ်း ၊ တက်ရောက်သူများ နံမည်စာရင်းအပြင် ညှိနှိုင်း ဆွေးနွေးပွဲတွင် အသုံးပြုခဲ့သော စာရွက်စာတမ်းအားလုံးကို အင်္ဂလိပ်၊ မြန်မာ၊ ဘာသာနှစ်ခု စလုံး ဖြင့် ဘာသာပြန်ဆိုမည်ဖြစ်ပြီး လိုအပ်ပါက အခြားတိုင်းရင်းသားဘာသာ ဖြင့်လည်းဘာသာ ပြန် ဆိုမည်ဖြစ်သည်။
- ညှိနှိုင်းဆွေးနွေးပွဲများတွင် ဘာသာပြန်များလည်း ထားရှိပါဝင်မည်ဖြစ်ပြီး ၎င်းဘာသာပြန်များသည် ဆွေးနွေးညှိနှိုင်းချက်အားလုံးကိုအင်္ဂလိပ်မှ မြန်မာဘာသာသို့လည်းကောင်း မြန်မာမှ အင်္ဂလိပ် ဘာသာသို့လည်းကောင်း ဘာသာပြန်ကြမည်ဖြစ်ပြီး လိုအပ်ပါက တိုင်းရင်းသား ဘာသာ စကားအတွက်လည်း ဘာသာပြန်များ ပါရှိမည်ဖြစ်သည်။

**ဆွေးနွေးပွဲတည်ဆောက်ထားပုံ (Consultation Format)**

- နေရာအနေအထားအပေါ်မူတည်၍ ဆွေးနွေးပွဲများကိုတစ်ဦးချင်းသော်လည်းကောင်း ၊ တစ်ဦးထက်မက ပါဝင်သော multi-stakeholderနည်းဖြင့်သော်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။ ကျင်းပသောနေရာသည် ကိုယ်အင်္ဂါချို့တဲ့သူများ လွယ်ကူစွာ ဝင်တွက်သွားလာနိုင်သောနေရာများ တွင် ဖြစ်ပါသည်။
- Stakeholder များများ ပါဝင်နိုင်ရန် ဆွေးနွေးပွဲများကို Face –to-Face မျက်နှာခြင်းဆိုင် ဆွေးနွေးနိုင်သောနည်းလမ်းများ သာမက၊ online survey များလည်းပါဝင်ပါသည်။
- Face-to-Faceမျက်နှာခြင်းဆိုင်ဆွေးနွေးရာတွင် အုပ်စုအလိုက် Presentation များပေးခြင်းအပြင် အမေးအအဖြေများဖြင့် ဆွေးနွေးခြင်းများလည်း ပါဝင်ပါသည်။ အားလုံးနားလည်နိုင်စေရန် Simultaneous ဘာသာပြန်မှ ပြောဆိုရှင်းလင်းခြင်းများကို စက်များတပ်ဆင်၍ နားထောင်နိုင်ရန်လည်း စီစဉ်ထားပါသည်။
- WBG ဆွေးနွေးမှု ဆိုင်ရာ ဝက်ဆိုက် စာမျက်နှာတစ်ခုကိုလည်း စိတ်ဝင်စားသော Stakeholder များ online မှ တစ်ဆင့် ရယူ နိုင်ရန် စီစဉ်ထားပါသည်။ ဆွေးနွေးမှုဆိုင်ရာ အချက်အလက်နှင့် စာရွက်စာတမ်းများကို သာမက survey မေးခွန်းလွှာများကို လည်း ရရှိနိုင်မည် ဖြစ်သည်။ Feedback နှင့် အခြား အကြံပေးချက်များရှိလျှင်လည်း myanmarcpf@worldbankgroup.org သို့ အီးမေးလ်ပေးပို့၍ သော်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့် ရန်ကုန်ရှိ ကမ္ဘာ့ဘဏ်ရုံးသို့ ဒေါ်တင်နှင်းယု (CPF Consultation ) Level ၂၁၊ Sule Square ၊ ၂၂၁ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၁၁၁၈၂ လိပ်စာနှင့် လည်းပေးပို့နိုင်ပါသည်။
- ညှိနှိုင်းဆွေးနွေးမှုများ ပြီးဆုံးသွားပြီးနောက်၊ အကြံပြုချက်များနှင့် မှတ်ချက်ပေးထားသော အကျဉ်းချုပ်ဇယား တစ်ခုကိုလည်း CPF တွင် ဖော်ပြထားမည်ဖြစ်သည်။ အကယ်၍ ၎င်းအကြံပေးချက်များ၊ မှတ်ချက်များကို CPF တွင် မဖော်ပြနိုင်ခဲ့သည်ဆိုပါက အဘယ် ကြောင့်ဆိုသည်ကိုလည်း ရှင်းလင်းချက်များ ပေး၍ဖော်ပြထားပါမည်။ ၎င်းအကျဉ်းချုပ်ဇယား ကိုလည်း ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ website တွင် တင်ပြထားမည်ဖြစ်သည်။

**ကျင်းပမည့်အချိန်**

ညှိနှိုင်းဆွေးနွေးမှုများကို နိုဝင်ဘာလ ၁၈ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ် သွားမည် ဖြစ်သည်။